ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# မေ့အသံ

အတွဲ(၂)၊ အမှတ်-၁၅ | လစဉ်သတင်းလွှာ | ဩဂုတ် ၁၂ ရက်၊ ၂၀၂၀

# အမျိုးသမီးများ၏အခန်းကဏ္ဍ နောက်ကျန်မနေစေရန် ဝိုင်းဝန်းလုပ်ဆောင်ဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တိုက်တွန်း



**ဇူလိုင် ၈၊ ၂၀၂၀**

၂၀၂၀ ခုနှစ်သည် ကျား-မ တန်းတူညီမျှရေးကိုမြှင့်တင်ရန် အဓိကကျသည့် နှစ်တစ်နှစ်ဖြစ်သည့်အတွက် အမျိုးသမီးများ၏ အခန်းကဏ္ဍ နောက်ကျန်မနေစေရန် ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပြောကြားခဲ့သည်။

၂၀၂၀၊ ဇူလိုင် (၃) ရက်နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ပေးပို့ခဲ့သည့် မိန့်ခွန်းသဝဏ်လွှာဗီဒီယိုပေါ်တွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က "အမျိုးသမီးတွေအနေနဲ့ နိုင်ငံရဲ့လိုအပ်ချက်တွေကို အမျိုးသားတွေနဲ့တန်းတူ မည်သည့်တို့ကိုဖြည့်ဆည်းပြီး နိုင်ငံတော်၊ ပုဂ္ဂလိကနဲ့ လူမှုအဖွဲ့အစည်းတွေကလည်း ဘယ်လိုကူညီဆောင်ရွက်ပေးမလဲဆိုတာ စဉ်းစားကြဖို့လိုပါတယ်။ လူမှုအဖွဲ့အစည်းတွေအနေနဲ့ အမျိုးသမီးတွေရဲ့ လိုအပ်ချက်၊ အခက်အခဲတွေကိုတင်ပြတာ၊ လိုအပ်မယ့်ကျွမ်းကျင်မှုတွေကို သင်ကြားပေးတာ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ လုပ်ကိုင်နိုင်ဖို့ ကူညီဆောင်ရွက်ပေးတာတွေကို ပူးပေါင်းဆောင်ရွက်ပေးကြဖို့ ပြောလိုပါတယ်"ဟု ပြောကြားခဲ့သည်။

လူမှုအဖွဲ့အစည်းများ တည်ဆောက်မည့်နေရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါပြီး မိသားစုစိတ်ဓာတ်၊ ကိုယ်ချင်းစာစိတ်ဓာတ်များနှင့်



ဓာတ်ပုံ-Myanmar State Counsellor Office facebook page

ကြံ့ကြံ့ခံနိုင်ရန် တည်ဆောက်ကြရမည်ဖြစ်ကြောင်းဆိုသည်။ အမျိုးသမီးများနှင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့်နေရာတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အားလုံးဝိုင်းဝန်းကြိုးစားကြပြီး စည်းလုံးညီညွတ်သည့်အင်အားနှင့် ကြံ့ကြံ့ခံသည့်စိတ်ဓာတ်ခွန်အားများကို မျိုးဆက်သစ်အသီးသီးကို ဆက်လက်ဆင့်ကမ်းအမွေပေးသွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် "ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုတွင် အမျိုးသမီးများ၏ ပါဝင်မှုနှင့်စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် အထိမ်းအမှတ်စကားဝိုင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက ဦးဆောင်၍ ပြုလုပ်ခဲ့သည်။ ၎င်းဆွေးနွေးပွဲတွင် စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ ကိုဗစ်-၁၉ တုံ့ပြန်ရေးတွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍနှင့် ၎င်းတို့တွေ့ကြုံရသောအခက်အခဲများ၊ ကျော်လွှားနိုင်သောနည်းလမ်းများကို ဖော်ထုတ်နိုင်ရေးစသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ကိုးကား- https://www.facebook.com/state.counsellor/posts/1984581935009346

ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။
သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

# ရွေးကောက်ပွဲအတွက်ရည်ရွယ်၍ သုတေသနအခြေခံမူဝါဒများအဆိုပြုမည့် အစီအစဉ် လုပ်ဆောင်မည်

ဇူလိုင် ၂၂၊ ၂၀၂၀

ရွေးကောက်ပွဲအကြို သုတေသနအခြေခံ မူဝါဒအဆိုပြုအစီအစဉ် (Election Targeted Research-based Advocacy-ETRA)ကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က ယခုလအတွင်း စတင်မိတ်ဆက်လိုက်သည်။

ယင်းအစီအစဉ်သည် ၂၀၂၀ ရွေးကောက်ပွဲအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး တိုင်းပြည်အတွက် လိုအပ်သည့်မူဝါဒများ ရေးဆွဲနိုင်ရန် သုတေသနကိုအခြေခံ၍ အကြံပြုတင်ဆက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သုတေသနများစွာ ရှိသော်လည်း အများပြည်သူဆီသို့ ထိရောက်စွာရောက်ရှိမှုအနေအထား၊ နိုင်ငံ၏မူဝါဒ ရေးဆွဲခြင်းတွင် အသုံးချနိုင်မှုအခြေအနေတို့မှာ မေးခွန်းထုတ်စရာအနေအထားတွင် ရှိနေသည်။

EMReF မှ အမှုဆောင်အရာရှိချုပ် ဒေါ်မြတ်သက်သစ္စာက "သုတေသီတွေက အထောက်အထားအခြေပြုမူဝါဒ မဖြစ်ထွန်းဘူးလို့ ပြောကြတယ်။ သုတေသီတွေကရော ဒီသုတေသနတွေကို မူဝါဒရေးဆွဲသူတွေဆီရောက်အောင် ဘယ်လောက်ထိပို့နိုင်လဲ။ ပြီးတော့ ဒီသုတေသနတွေကရော ပြည်သူတွေနားလည်နိုင်ဖို့ ဘယ်လောက်ထိနားလည်လွယ်ကူရှင်းလင်းနေလဲ။ သုတေသနတွေကို အသုံးပြုနိုင်ဖို့၊ ပြည်သူတွေဆီကို အရောက်ပို့နိုင်ဖို့ သုတေသီတွေက ကြိုးစားအားထုတ်ဖို့လိုပါတယ်။ ETRA ကလဲ ဒီအတွက် ကြိုးစားအားထုတ်မှုတစ်ခုပါပဲ။" ဟုဆိုသည်။




သုတေသနတွေ့ရှိချက်များ၊ ပညာရပ်ဆိုင်ရာအတွေးအခေါ်များကို အများပြည်သူနှင့် မူဝါဒရေးဆွဲသူတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေကို ရိုးရှင်းလွယ်ကူသည့်နည်းနှင့် ပြောပြရန်၊ မူဝါဒဆိုင်ရာ အဆိုပြုချက်များပေးရန် ရည်ရွယ်သည်ဟုဆိုသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျား-မတန်းတူရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် ကဏ္ဍပေါင်းစုံအတွက် ကောင်းမွန်ပြည့်စုံသည့်မူဝါဒများရေးဆွဲနိုင်ရန် နယ်ပယ်စုံမှပညာရှင်များမှ ETRA အစီအစဉ်တွင် အကြံပြုဆွေးနွေးသွားမည်ဖြစ်သည်။

၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၈)ရက်နေ့မှာ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပါတီများ၊ ရွေးကောက်ပွဲအပြီးတွင် နိုင်ငံကိုဦးဆောင်မည့် နိုင်ငံရေးခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် လာမည့်အစိုးရသက်တမ်းတွင် အကောင်အထည်ဖော်စေချင်သည့် မူဝါဒဆိုင်ရာကိစ္စရပ်များကို သုတေသနအချက်အလက်နှင့် အတွေးအခေါ်များကို အခြေခံပြီးအကြံပြုဆွေးနွေးသွားဖို့ ETRA က စီစဉ်ထားသည်ဟု သိရသည်။

ယင်းအစီအစဉ်ကို ဇူလိုင်လကုန်ပိုင်းမှာ စတင်သွားမည်ဖြစ်ပြီး အစီအစဉ်အသေးစိတ်ကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း၏ ဝဘ်ဆိုက်စာမျက်နှာ www.emref.org နှင့် ဖေ့စ်ဘွတ်စာမျက်နှာတို့တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

**ရွှေလေး**

# ရန်ကုန်တိုင်းအမျိုးသမီးကော်မတီက NSPAW လုပ်ငန်းစဉ်များကို နှစ်အလိုက် လုပ်ငန်းနယ်ပယ် သတ်မှတ်၍ လုပ်ဆောင်နေသည်ဟုဆို

**ဇွန် ၁၂၊ ၂၀၂၀**


ဓာတ်ပုံ-Yangon Hluttaw facebook page

ရန်ကုန်တိုင်း အမျိုးသမီးကော်မတီအနေနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ လမ်းညွှန်မှုနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) (၂၀၁၃-၂၀၂၂) ၏ လုပ်ငန်းစဉ်များကို နှစ်အလိုက် လုပ်ငန်းနယ်ပယ်သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု သိရသည်။


ဇွန်လ(၅)ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် မေးမြန်းခဲ့သည့် ကျောက်တံတားမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာ၏ "ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီကို မည်ကဲ့သို့ ဖွဲ့စည်းထားပြီး မည်သည့်လုပ်ငန်းစဉ်များဆောင်ရွက်လျက်ရှိပါသလဲ"ဟူသည့် မေးခွန်းကို လူမှုရေးဝန်ကြီးဦးနိုင်ငံလင်းက ဖြေကြားရာတွင် ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

လူမှုရေးဝန်ကြီးဦးနိုင်ငံလင်းက "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ လမ်းညွှန်မှုနဲ့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီအား (၁.၈.၂၀၁၈) ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ NSPAW (၂၀၁၃-၂၀၂၂) ပါ အဓိက လုပ်ငန်းနယ်ပယ် (၁၂) ရပ်ဖြစ်တဲ့ လုပ်ငန်းစဉ်များကို နှစ်အလိုက်လုပ်ငန်းနယ်ပယ်သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြန်လည်ဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီကဦးဆောင်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများပြုလုပ်ပြီး မဟာဗျူဟာပါ အဓိကလုပ်ငန်းနယ်ပယ် (၁၂) ရပ်အနက် (၂၀၁၈) ခုနှစ်တွင် အမျိုးသမီးများ အကြမ်းဖက်မှုနှင့်ပတ်သက်သည့် လုပ်ငန်းများလုပ်ဆောင်ရန် ခရိုင်/မြို့နယ် အမျိုးသမီးကော်မတီများသို့ လမ်းညွှန်မှုပြုလုပ်ခဲ့သည်ဟုဆိုသည်။ ၂၀၁၉ ခုနှစ်တွင် အဓိက လုပ်ငန်းနယ်ပယ် (၁၂) ရပ်အနက် အမျိုးသမီးများအကြမ်းဖက်မှု၊ အမျိုးသမီးနှင့်လူ့အခွင့်အရေး၊ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေးနှင့် အမျိုးသမီးငယ်ရွယ်ကိစ္စရပ်များအား အဓိကထား လုပ်ဆောင်ရန် ခရိုင်/မြို့နယ် အမျိုးသမီးကော်မတီများသို့ လမ်းညွှန်မှုပြုလုပ်ခဲ့သည်ဟု ဖြေကြားခဲ့သည်။ ပြည်သူလူထုအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများသိရှိစေရန်၊ အကြမ်းဖက်ခံရသော အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်သည့် လုပ်ငန်းများကို အလေးထားလုပ်ဆောင်နေသည်ဟု သိရသည်။ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်(OSWSC)ကို အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်) တွင် ဖွင့်လှစ်ထားပြီး အမျိုးသမီးများ၏ အခက်အခဲနှင့်ပတ်သက်၍ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးလျက်ရှိသည်ဟု ဆိုသည်။ နောက်လုပ်မည့် စီမံကိန်းများတွင်လည်း သက်ငယ်မုဒိမ်းကိစ္စများနှင့် အမျိုးသမီးအတွက် ဦးစားပေးဆောင်ရွက်တော့မည်ဟု ဖြေကြားခဲ့သည်။

ကျောက်တံတားမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက မြို့နယ်အဆင့်ဖွဲ့စည်းထားမှုများကို ယခုမှသိရှိရကြောင်း၊ မြို့နယ်များတွင် အလွယ်တကူ ချိတ်ဆက်လုပ်ဆောင်နိုင်ရန် လုပ်ဆောင်ချက်များနှင့် ရှေ့လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် (၁၈) ဦးထံ ဖြန့်ဝေပေးစေလိုကြောင်း ဖြည့်စွက်မေးမြန်းခဲ့သည်။

**ကိုးကား:-** https://www.facebook.com/ygnhluttaw/posts/2690529097939552



# မြန်မာနိုင်ငံတွင် အမျိုးသား၊ အမျိုးသမီး တက်ညီလက်ညီ ကိုယ်စားပြုသည်ကို မြင်တွေ့ချင်သည်ဟု ဒေါ်အောင်ဆန်းစုကြည် ဆို

**ဇွန် ၃၀၊ ၂၀၂၀**


မြန်မာနိုင်ငံတွင် အမျိုးသား၊ အမျိုးသမီးအတူတူ တက်ညီလက်ညီ ကိုယ်စားပြုသည်ကို မြင်တွေ့ချင်သည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။

အာဆီယံထိပ်သီးအစည်းအဝေးနှင့်ပတ်သက်၍ ဇွန်လ (၂၇) ရက်နေ့က တင်ထားသည့် ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ အာဆီယံထိပ်သီးအစည်းအဝေးတွင် COVID ကိစ္စသည် လွှမ်းမိုးနေပြီး အမျိုးသမီးများအရေးဆွေးနွေးရာတွင်လည်း အမျိုးသမီးများအပေါ် COVID ၏ အကျိုးသက်ရောက်မှုများ၊ COVID အပြီး ပြန်လည်ထူထောင်ရေးတွင် အမျိုးသမီးများကဏ္ဍစသည်တို့ကို ဆွေးနွေးခဲ့ကြသည်ဟု ရေးသားထားသည်။ အစည်းအဝေးတွင် အမျိုးသားခေါင်းဆောင်တစ်ဦး ပြောကြားခဲ့သည့် "အမျိုးသားများဟာ မိမိတို့ရနေတဲ့နေရာ၊ ရာထူး၊ အခွင့်အရေးတွေဟာ မိမိတို့တော်လွန်းလို့ပဲ ရတာမဟုတ်၊ အမျိုးသားတွေဖြစ်ခြင်းကြောင့်သာ ရတာတွေလည်းရှိတာကို သတိမပြုမိကြဘူး"ဆိုသည့် စကားကိုသဘောကျ၍ ဒေါ်အောင်ဆန်းစုကြည်က မှျဝေရေးသားထားသည်။

၎င်းကိစ္စရပ်နှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က "ဒါအများကြီးစဉ်းစားစရာပါပဲ။ ကျွန်မတို့အမျိုးသမီးတွေ အလုပ်ကြိုးစားတာ၊ တော်တာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ယခုအချိန်မှာ အမြင့်ဆုံးရာထူးတွေ ရရှိထားသူအများစုဟာ အမျိုးသားတွေဆိုတာလည်း မငြင်းနိုင်ပါဘူး။ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ဝန်ထမ်း ၇၀ ရာခိုင်နှုန်းလောက်ဟာ အမျိုးသမီးတွေပါ။ နောင် (၁၀) နှစ်လောက်ကြာရင် အခြေအနေတွေ ဘယ်လိုများနေပါမလဲဆိုတာကို တွေးရပါတယ်။ ကျွန်မကတော့ အမျိုးသမီး၊ အမျိုးသား ၅၀ ရာခိုင်နှုန်းလောက်စီ ဖြစ်စေချင်ပါတယ်။ ပြည်ပမှာ ကျွန်မတို့နိုင်ငံကို အမျိုးသမီး၊ အမျိုးသား အတူတူ တက်ညီလက်ညီကိုယ်စားပြုတာ မြင်တွေ့ချင်ပါတယ်။"ဟု ရေးသားထားသည်။

ကမ္ဘာ့ဇာတ်ခုံပေါ်တွင် မည်သို့လှုပ်ရှားဆောင်ရွက်ရသည်ကိုအမျိုးသမီး၊ အမျိုးသားအားလုံး စိတ်ဝင်စားစေချင်သည်ဟု သိရသည်။

**ကိုးကား- https://www.facebook.com/aungsan.suukyi.5661/posts/157301785919194**





ဓာတ်ပုံ-https://en.wikipedia.org/wiki/Michelle_Obama

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"ကျွန်ုပ်တို့ အမျိုးသမီးတွေ ပြီးမြောက်အောင် လုပ်ဆောင်နိုင်သည့် အရာများအတွက် ကန့်သတ်ချက်မရှိပါ။"

----- Michelle Obama (An American Lawyer & Author)

# ပြည်ထောင်စုအဆင့်လွှတ်တော်များတွင် အဆိုအများဆုံး တင်သွင်းသူများမှာ အမျိုးသမီးကိုယ်စားလှယ်များဖြစ်

ဇူလိုင် ၁၆၊ ၂၀၂၀

ပြည်ထောင်စုအဆင့် ဒုတိယအကြိမ်လွှတ်တော်တွင် အဆိုအများဆုံးတင်သွင်းသူများမှာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်ဟု လွှတ်တော်အရေးလေ့လာစောင့်ကြည့်နေသည့် ရန်ကုန်အခြေစိုက် ပွင့်လင်းမြန်မာရှေ့ဆောင်အဖွဲ့ အမှုဆောင်ဒါရိုက်တာ ဦးအေးကျော်က ပြောသည်။

ပြည်သူ့လွှတ်တော်တွင် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က အဆိုခုနစ်ခုတင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ် (၁၁) မှ ဒေါ်ထုမေက အဆိုသုံးခုတင်ခဲ့သည်။ ဒေါ်ယဉ်မင်းလှိုင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) မှဖြစ်ပြီး ဒေါ်ထုမေသည် ရခိုင်အမျိုးသားပါတီမှဖြစ်သည်။

ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် (၄၄၀) ဦးရှိပြီး (၈၂) ဦးက စုစုပေါင်း အဆို(၁၅၆)ခု တင်သွင်းခဲ့သည်။ ယင်းအဆိုတင်သွင်းသူများအနက် NLD ပါတီမှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၁၄) ဦးပါဝင်သည်။ လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိသည့် အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့သူ (၂၅) ဦးရှိပြီး NLD ပါတီဝင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၃) ဦးက အဆိုတင်သွင်းနိုင်ခဲ့သည်။

Credit: RFA Burmese



ဓာတ်ပုံ-Amyotha Hluttaw facebook page